**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး (၁၆) ရက်တာလှုပ်ရှားမှုအတွက်**

**ကရင်အမျိုးသမီးအစည်းအရုံး၏သတင်းစကား**

**ဆောင်ပုဒ် – "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ လွတ်မြောက်ဖို့လူမှုအသိုက်အဝန်းတစ်ခုဖန်တီးစို့"**

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့**

ယနေ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့နှင့် (၁၆) ရက်တာ လှုပ်ရှားမှု၏ အစပျိုးနေ့ရက်ဖြစ်ပြီး နောက်ဆုံးနေ့မှာ ဒီဇင်ဘာလ ၁၀ရက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများနေ့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့သည် အမျိုးသမီးထုတစ်ရပ်လုံးအတွက် အလွန်အရေးကြီးသောနေ့ဖြစ်သည်။ ထို့အပြင် ကရင်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဆန့်ကျင်သည့်လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ခြင်းနှင့် လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများကို လေးစားမှု၊ တန်းတူညီမျှမှုနှင့် တန်ဖိုးထားမှုတို့ကို ရှိလာစေရန်လှုပ် ရှားဆောင်ရွက်ခဲ့ ပါသည်။

ယခုနှစ်၏ဆောင်ပုဒ်မှာ **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ လွတ်မြောက်ဖို့လူမှုအသိုက်အဝန်းတစ်ခုဖန်တီးစို့"**

မိမိတို့ကရင်အမျိုးသမီးအစည်းအရုံးသည် လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှလွတ်မြောက်ရန် လိုလားသည့်အတွက် လှုပ်ရှားမှုများ ကြိုးစာလုပ်ဆောင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိခဲ့ပြီးဖြစ်သည်။ သို့သော် လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ မလွတ်မြောက်သေးသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး (၁၆) ရက်တာလှုပ်ရှားမှုများအနက် မိမိတို့ကရင်အမျိုး သမီးအစည်းအရုံးသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှလွတ်မြောက်ရန် လူမှုအသိုက်အဝန်းတခု ဖန်တီးနိုင်ရေးလှုပ်ရှားမှု (၅) ခုကို ဆောင်ရွက်ကြရန် ထုတ်ပြန်အပ်ပါသည်။

(၁) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ၎င်း၏သက်ရောက်မှုများအကြောင်း ပိုမိုနားလည်သိရှိလာစေရန် လုပ်ဆောင်ခြင်း။

(၂) လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လုံးဝ (လုံးဝ) ငြင်းပယ်ခြင်း

(၃) အမျိုးသမီးများကို ကာကွယ်ပေးသည့် ဥပဒေများ ပြဋ္ဌာန်းခြင်းကို ပိုမိုဖန်တီးလှုံ့ဆော်ပေးခြင်း

(၄) ကျူးလွန်သူများကို မျက်နှာသာပေးမှုမရှိဘဲ အရေးယူဆောင်ရွက်ခြင်း

(၅) အကြမ်းဖက်မှု ကျူးလွန်ခံရသူ အမျိုးသမီးများကို ဝန်းရံပံ့ပိုးပေးခြင်း

အကြမ်းဖက်မှု ကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခုတည်ဆောက်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုး အကြောင်းကို မိမိကိုယ်တိုင်နှင့် မိမိတို့၏ လူမှုအသိုင်းအဝိုင်းကို ဦးစွာပညာပေးရမည်။ ထိုသို့သောအကြမ်းဖက်မှုများ၏ သက်ရောက်မှုကို နားလည်ခြင်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို သိနားလည်မှုနည်းပါးနေသည့် အမျိုးသမီးများ အပါအဝင် အချို့ရပ်ရွာအဖွဲ့ဝင်များအတွက် အရေးကြီးသော ပထမအဆင့်ဖြစ်သည်။

ထို့အပြင် အကြမ်းဖက်မှုများ ကြုံတွေ့နေရသည့် အမျိုးသမီးများအတွက် တရားမျှတမှုရှိစေရန်နှင့် အမျိုးသမီးများကို ကာကွယ်ပေးရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် အရေးကြီးပါသည်။ ဤဥပဒေများကို တရားစီရင်ရေးတာဝန်ရှိသူများက ကောင်းမွန်စွာ သိနားလည်ပြီး အကောင်အထည်ဖေါ်မည်ဆိုပါက အမျိုးသမီးများကို ကာကွယ်ပေးနိုင်သည့် ခိုင်မာသော အခြေခံအုတ်မြစ်တစ် ခုဖြစ်သည်။

ကျူးလွန်သူများကို အရေးယူခြင်းသည် အရေးကြီးသော နောက်ထပ်ခြေလှမ်းတစ်ခုဖြစ်သည်။ ကျူးလွန်သူ၏အခြေအနေ မည်သို့ပင်ရှိစေကာမူ အမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီစေရေးအတွက် ဥပဒေများကို တန်းတူညီမျှစွာလိုက်နာ ကျင့်သုံးသင့် ပါသည်။

နောက်ဆုံးအနေဖြင့် အကြမ်းဖက်မှုများ ကျူးလွန်ခံရသူ အမျိုးသမီးများကို ပံ့ပိုးကူညီပေးရန်မှာ အဓိကအချက်ဖြစ်သည်။ ကျူးလွန်ခံရသူများကို ဂေဟာတစ်ခုတွင် ထားရှိပေးခြင်း၊ အခြေခံလိုအပ်ချက်များ ကူညီပေးခြင်း ၊ နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ၎င်းတို့အကူအညီရရှိရန်နှင့် တရားမျှတမှုကို ရှာဖွေနိုင်ရန် မြှင့်တင်ပေးရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် မိမိကိုယ်ကို ပညာပေးခြင်း၊ အကြမ်းဖက်မှုကို ငြင်းပယ်ခြင်း၊ ဥပဒေအတွက်စည်းရုံးလှုံ့ဆော်ခြင်း၊ ကျူးလွန်သူများအား အရေးယူခြင်းနှင့် ကျူးလွန်ခံရသူများကို ပံ့ပိုးကူညီခြင်းဖြင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ လွတ်မြောက်မည့် လူမှုအသိုက်အဝန်းတစ်ခုကို အတူတကွ တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

ကရင်အမျိုးသမီးအစည်းအရုံး

ဇဟို